# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

August 31 , 2022 Volume 57, Number 23


| ၃၁.၈.၂၀၂၂ | |
| --- | --- |
| ကမ္ဘာ့ရွှေဈေး | = ၁၇၂၄ US$ |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀.၀ ကျပ် |
| ယူရို တစ်ယူရို | = ၂၁၀၇.၄ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၀၅.၅ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၄၆၅.၈ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၄၆၀.၆ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၃၀၄.၁၇ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၆.၄၀၆ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၅.၉၃ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၆၈.၈၅ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၇.၇၄၈ ကျပ် |

Source: CBM Rate, etrademyanmar.com

## လေးလအတွင်း ပြည်ပသို့ ပျားရည်တန်ချိန် ၇၀၀ နီးပါး တင်ပို့နိုင်



https://www.commerce.gov.mm

ယခု ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ဧပြီ ၁ ရက်မှ ဇူလိုင်လကုန်အထိ လေးလအတွင်း မြန်မာနိုင်ငံမှ ပြည်ပနိုင်ငံများသို့ ပျားရည်မက်ထရစ် တန်ချိန် ၇၀၀ နီးပါး တင်ပို့နိုင်ခဲ့ကြောင်း မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာန၊ ပျားမွေးမြူမှုဖွံ့ဖြိုးရေးဌာနခွဲမှ သိရသည်။ လက်ရှိ ဘဏ္ဍာနှစ်အတွင်း ပျားရည်တင်ပို့ခဲ့သည့် နိုင်ငံများတွင် တောင်ကိုရီးယား၊ ဂျပန်၊ အမေရိကန်၊ စင်ကာပူအစရှိသော နိုင်ငံများ ပါဝင်ပြီး တင်ပို့ခဲ့သည့် ပျားရည်အမျိုးအစား လေးမျိုးအနက် ဆီး(ဇီး)ပျားရည်ကို အများဆုံးတင်ပို့ခဲ့ခြင်းဖြစ်ကာ ပန်းနှမ်းပျားရည်၊ ပန်းစုံပျားရည်၊ နေကြာပျားရည် တို့ကိုလည်း တင်ပို့နိုင်ခဲ့ကြောင်းသိရသည်။ အဆိုပါ ပျားရည်များကို Normal Trade မှ တင်ပို့နိုင်ခဲ့ခြင်းဖြစ်ပြီး မက်ထရစ်တန်ချိန် ၆၉၁ ဒသမ ၃၄ တန်ရှိကြောင်းသိရသည်။ ပြည်တွင်းရှိ မြို့နယ် ၃၁ မြို့နယ်တွင် အစိုးရပိုင် ပျားမွေးမြူရေးစခန်း စုစုပေါင်း ၃၁ ခု ဖွင့်လှစ်ထားပြီး ပုဂ္ဂလိက ပျားမွေးမြူရေးလုပ်ငန်းမှာ ၈၂၀ ခန့်ရှိသည်။

ဌာနပိုင် ပျားအုံအရေအတွက်မှာ ၆၂၀၀ခန့်ရှိပြီး ပုဂ္ဂလိကပိုင် ပျားအုံအရေအတွက် နှစ်သိန်းနီးပါးခန့်ရှိကာ ပျားမွေးမြူရေးနှင့်ပျားရည်ထုတ်လုပ်သော လုပ်ငန်းများကို စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး နှင့် ရှမ်းပြည်နယ်စသည့်ဒေသများတွင် အများဆုံးလုပ်ကိုင်လျက်ရှိကြောင်း သိရသည်။ ထို့ပြင် ပျားမွေးမြူရေးလုပ်ငန်းအတွက် နှစ်စဉ် စိုက်ပျိုးဧက သိန်း ၂၀ ခန့်မှ ဝတ်မှုန်ကူး ဝန်ဆောင်မှုပေးလျက်ရှိပြီး ယခုနှစ်တွင်လည်း နေကြာစိုက်ဧက ၁၁ ရာခိုင်နှုန်းတွင် ဝတ်မှုန်ကူးမှုများ ဆောင်ရွက်ပေးလျက်ရှိသည်။ ပျားမွေးမြူရေးလုပ်ငန်းများကို သီးနှံစိုက်ခင်းများအနီး လုပ်ကိုင်ဆောင်ရွက်ခြင်းဖြင့် သီးနှံများ အောင်မြင်ဖြစ်ထွန်းသလို အရည်အသွေးကောင်းမွန်သော ပျားရည်များကိုလည်း ထွက်ရှိစေနိုင်ကြောင်းသိရသည်။ မြန်မာနိုင်ငံ၌ တစ်နှစ်လျှင် ပျားရည်တန်ချိန် ၇၀၀၀ ခန့် ထွက်ရှိပြီး ပျားတစ်အုံလျှင် ပေါင် ၇၀ ခန့် ထွက်ရှိကာ ပြည်ပတင်ပို့မှု နှစ်စဉ် ပျမ်းမျှ တန် ၂၆၀၀ ခန့်ကို တစ်တန်ဈေးနှုန်း ပျမ်းမျှ အမေရိကန်ဒေါ်လာ ၁၆၀၀ခန့်ဖြင့် တင်ပို့ရောင်းချနေခြင်းဖြစ်ကြောင်း သိရသည်။

**Source:** https://www.commerce.gov.mm/my/article/%E1% 80%9C%E1%80%B1%E1%80%B8%E1%80%9C%E1%8


CONTACT US

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com

## ယခုလအတွင်း အချဉ်ပေါင်းထုတ်လုပ်ရန် စပျစ်အစိမ်းများ ဝယ်လိုအားများနေ


https://www.myawady.net.mm/node/29843

ယခုလအတွင်း အချဉ်ပေါင်းထုတ်လုပ်ရန် စပျစ်အစိမ်းများ ဝယ်လိုအားများနေ၍ ဈေးကောင်းရရှိနေကြောင်း မန္တလေးတိုင်းဒေသကြီးမှ စပျစ်စိုက်ပျိုးရေးနှင့် နည်းပညာဖြန့်ဝေသူ ဦးလှိုင်ထွန်း၏ ပြောဆိုချက်အရ သိရသည်။

လတ်တလောတွင် စပျစ်သီးကိုင်းယူချိန်ဖြစ်သောကြောင့် ဈေးကွက်သို့ တင်ပို့သည့် စပျစ်ကို နည်းပါးစွာထုတ်လုပ်လျက်ရှိသော်လည်း အသီးထွက်ရှိမှုများသည့် ခြံများမှ အသီးစိမ်းများ ဆွတ်ခူးရောင်းချပေးနေခြင်းဖြစ်သည်။ "တချို့ကျတော့လည်း စပျစ်သီးအစိမ်းတွေကို ခူးပြီးရောင်းကြပါတယ်။ စပျစ်သီးအစိမ်းကို အချဉ်ပေါင်းဈေးကွက်အတွက် အဓိကရောင်းချနေတာပါ။ သူ့ရဲ့အရသာနဲ့ အာဟာရပိုင်းက အချဉ်ပေါင်းထုတ်လို့ရတဲ့ အနေအထားမျိုးရှိပါတယ်။ စပျစ်အစိမ်းကို တင်းအခြင်အတွယ်နဲ့ ရောင်းကြတာပါ"ဟု ဦးလှိုင်ထွန်းကပြောသည်။

ဈေးကွက်အတွင်း စပျစ်အစိမ်း တစ်တင်းလျှင် ငွေကျပ် ၇၀၀၀ မှ ၁၀၀၀၀ ဝန်းကျင်ရှိပြီး တစ်ရက်လျှင် ပိဿာချိန် ၅၀၀ မှ ၁၀၀၀ ဝန်းကျင်အထိ ရောင်းချရကြောင်းသိရသည်။ "အချဉ်ပေါင်းကို တချို့က တစ်နိုင်တစ်ပိုင်ထုတ်ကြသလို တချို့လည်း အများအပြားထုတ်ကြတာရှိတယ်။ ပွဲရုံတင်ပို့ကြတာလည်းရှိတယ်။ များသောအားဖြင့် မန္တလေးဘက်က အဝယ်များပါတယ်။ ဝယ်ယူတဲ့သူ၊ စပျစ်အစိမ်း ထွက်ရှိမှုအတိုင်းအတာနဲ့ လုပ်သားတွေရဲ့ ဆွတ်ခူးနိုင်မှုပေါ်မူတည်ပြီး ဝယ်နေကြတာပါ။ စပျစ်ခြံတိုင်းတော့ မရောင်းချနိုင်သေးဘူး။ အနည်းအကျဉ်းလောက်ပဲ ရှိသေးတယ်" ဟု ဦးလှိုင်ထွန်းကပြောသည်။

လက်ရှိတွင် မိုးကာလဖြစ်သောကြောင့် စပျစ်သီးဈေးကွက်အေးလျက်ရှိပြီး အရည်အသွေးကောင်းစပျစ်များ စတင်ထွက်ရှိလေ့ရှိသည့် မတ်လနှင့်ဧပြီလတို့တွင် ထွက်ရှိသောအသီးများမှာ ဈေးကောင်းရလေ့ရှိကြောင်းသိရသည်။

မြန်မာနိုင်ငံ၌ စပျစ်ကို ကျောက်ပန်းတောင်း၊ မိတ္ထီလာ၊ မန္တလေး၊ စစ်ကိုင်း၊ မုံရွာ၊ ပခုက္ကူ၊ ရေနံချောင်း၊ ရမည်းသင်း၊ ပျော်ဘွယ် စသည့်မြို့နယ်တို့၌ အများအပြားစိုက်ပျိုးလျက်ရှိပြီး စပျစ်စိုက်ပျိုးသည့်ဒေသများ၌ ရေကို လိုအပ်ချက်ရှိသည့်အတိုင်းပေးသွင်းနိုင်ပါက အကျိုးဖြစ်ထွန်းစွာ စိုက်ပျိုးနိုင်ကြောင်းသိရသည်။

**Source:** https://www.myawady.net.mm/node/29843

## ထိုင်းနိုင်ငံက ယခုနှစ် ဒုတိယနှစ်ဝက်အတွင်း ခရီးသွားလုပ်ငန်းမှ ဘတ်ဘီလီယံ ၄၀၀ ရရှိမည်ဟု မျှော်မှန်း

ထိုင်းနိုင်ငံက ယခုနှစ် ဒုတိယနှစ်ဝက်ကာလအတွင်း ခရီးသွားလုပ်ငန်းမှ ဘတ်ဘီလီယံ ၄၀၀ ရရှိမည်ဟု မျှော်မှန်းထားကြောင်း အစိုးရက ဩဂုတ် ၃၀ ရက်တွင် ထုတ်ပြန်သည်။

ကမ္ဘာ့ကပ်ရောဂါကြောင့် နယ်စပ်များကို တင်းကျပ်စွာ ထိန်းချုပ်ထားရာမှ ပြန်ဖွင့်ပေးလိုက်သည့်အတွက် ခရီးသွားများစွာ ဝင်ရောက်လာသောကြောင့် ထိုင်းနိုင်ငံက ယခုကဲ့သို့မျှော်မှန်းလာနိုင်ခြင်းဖြစ်သည်။

ထိုင်းနိုင်ငံအနေဖြင့် ယခုနှစ်ပထမရှစ်လတာ ကာလအတွင်းမှာပင် ပြည်ပခရီးသွား လေးသန်းကျော် ဝင်ရောက်လာသည့်အတွက် နိုင်ငံ၏ ခရီးသွားလုပ်ငန်း ပြန်လည်အသက်ဝင်လာသည်ကို မြင်တွေ့ရကြောင်းနှင့် ယခုတစ်နှစ်လုံးတွင် ခရီးသွားစုစုပေါင်း ၁၀ သန်းအထိ ဝင်ရောက်မည်ဟု မျှော်မှန်းထားကြောင်း အစိုးရအဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူ ရာချာဒါနာဒီရက်က ပြောသည်။

ပြီးခဲ့သည့် ကာလအတွင်း ပြည်ပခရီးသွားများကြောင့် နိုင်ငံတော်က ဝင်ငွေဘတ် ၁၇၆ ဘီလီယံအထိရရှိခဲ့ကြောင်း၊ လာရောက်သည့် ခရီးသွားများမှာ မလေးရှား၊ အိန္ဒိယနှင့်စင်ကာပူနိုင်ငံတို့မှဖြစ်ကြောင်း အစိုးရအဖွဲ့၏ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။ ထို့ပြင် နိုင်ငံ၏ခရီးသွားလုပ်ငန်းကို အားပေးမြှင့်တင်သည့်အနေဖြင့် ထိုင်းအစိုးရက ခရီးသွားဗီဇာများအတွက် ရက်ကန့်သတ်ထားမှုကို ၁၅ ရက်မှ ရက် ၃၀ အထိတိုးမြှင့်ကြောင်း မကြာသေးမီက ကြေညာထားသည်ဟု သိရသည်။

**Ref: CNA**

https://www.myawady.net.mm/node/29842

## မြန်မာဆန်တန်ချိန် ၂ သိန်း ဘင်္ဂလားဒေ့ရှ် တင်သွင်းမည်



https://www.foodindustrydirectory.com.mm

ပြည်တွင်းဈေးကွက် မငြိမ်မသက်ဖြစ်မှု ရင်ဆိုင်နေရသည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံက အိမ်နီးချင်း မြန်မာနိုင်ငံမှ ဆန်တန်ချိန် ၂ သိန်းကို တင်သွင်းတော့မည်ဖြစ်သည်။

ဘင်္ဂလားဒေ့ရှ်အစိုးရသည် တနင်္လာနေ့ (ဩဂုတ် ၂၉) တွင် မြန်မာကိုယ်စားလှယ်အဖွဲ့နှင့် တွေ့ဆုံရာတွင် ယင်းကိစ္စနှင့်ပတ်သက်၍ ဆုံးဖြတ်ချက်ချမှတ်ခဲ့ကြောင်း စားသောက်ကုန်ဝန်ကြီးဌာနမှ သတင်းရရှိသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် စက်တင်ဘာလတွင် မြန်မာဆန်တင်သွင်းရန် မကြာမီ သဘောတူလက်မှတ် ရေးထိုးမည်ဖြစ်ကြောင်း ၎င်းဝန်ကြီးဌာနက ပြောကြားခဲ့သည်။ ပြည်တွင်းဈေးကွက် ဆန်ပြတ်လပ်မှု အကျပ်အတည်းကြောင့် ဘင်္ဂလားဒေ့ရှ်အစိုးရက ဗီယက်နမ်မှ ဆန်တန်ချိန် ၃၀,၀၀၀ နှင့် အိန္ဒိယမှ ဆန်တန်ချိန် ၁ သိန်း တင်သွင်းရန် ဆုံးဖြတ်ခဲ့သည်။ ထို့ပြင် ရုရှားမှ ဂျုံတန်ချိန် ၅ သိန်း တင်သွင်းမည်။

ပြည်တွင်း ဆန်ကြမ်းဈေးနှုန်း တစ်ကီလို တာကာ ၅၅-၆၀ အထိ မြင့်တက်နေသည်။ ယခင်နှစ်က ၄၅ တာကာမျှသာ ရှိခဲ့သည်။ အစိုးရက ဆန်တစ်ကီလို ၁၅ တာကာဖြင့် ရောင်းချပေးသည်။ အိမ်ထောင်စု ၅,၀၁၀,၅၀၉ တို့သည် အစိုးရ ရောင်းဈေးဖြင့် တစ်လလျှင် ဆန်ကီလို ၃၀ ဝယ်ယူခွင့်ရရှိမည်။ ထို့ပြင် အစိုးရ၏ Open Market Sales (OMS) အစီအစဉ်ဖြင့် ဆန်တစ်ကီလို တာကာ ၃၀ ဖြင့် ရောင်းချပေးသည်။ အစိုးရထံတွင် ဆန်လက်ကျန်တန်ချိန် ၁၇.၉၂ သိန်းနှင့် ဂျုံလက်ကျန် ၁.၄၁ သိန်းရှိသည်။

**Source The Business Standard**

https://www.foodindustrydirectory.com.mm/food-industry/cuisine/myanmar/item/4913-bangladesh-to-import-2-lakh-tonnes-of-rice-from-myanmar.html

## ဗီယက်နမ်နိုင်ငံ၏ ဆန်တင်ပို့မှု တန်ချိန် (၆.၅) သန်းသို့ ရောက်ရှိနိုင်မည်ဟု ခန့်မှန်းထား

ဗီယက်နမ်နိုင်ငံ၏ ဆန်တင်ပို့မှုသည် ပြီးခဲ့သည့်နှစ်က တန်ချိန် (၆.၂၄) သန်းခန့်ရှိခဲ့ရာမှ ယခုနှစ်တွင် ကမ္ဘာ့ဆန် ဝယ်လိုအားကြောင့် ဆန်တင်ပို့မှု တန်ချိန် (၆.၃) သန်းမှ (၆.၅) သန်းခန့်သို့ တိုးတက်နိုင်ကြောင်း သိရပါသည်။

၂၀၂၂ ခုနှစ် လက်ရှိအချိန်ထိ ဗီယက်နမ်နိုင်ငံ၏ ဆန်တင်ပို့မှုသည် အားကောင်းစွာဖြင့် တိုးတက်လာခဲ့ပြီး၊ အဆိုပါ တိုးတက်မှုအရှိန်အဟုန်သည် ယခုနှစ် လက်ကျန်ကာလတွင် ဆက်လက်တည်ရှိနေမည်ဟု မျှော်မှန်းထားကြောင်း ဗီယက်နမ် စားသောက်ကုန်အသင်း ဥက္ကဋ္ဌဖြစ်သူ Nguyen Ngoc Nam က ပြောကြားခဲ့ပါသည်။

ဗီယက်နမ်နိုင်ငံသည် ကမ္ဘာ့တတိယအများဆုံး ဆန်တင်ပို့သူအဖြစ် ရပ်တည်နေပါသည်။ ယခုနှစ် ပထမ (၈) လတွင် ဗီယက်နမ်နိုင်ငံ၏ ဆန်သဘော်ာ တင်ပို့မှုမှာ နှစ်အလိုက်နှိုင်းယှဉ်လျှင် (၁၉) ရာခိုင်နှုန်း တိုးလာခဲ့ပြီး၊ တန်ချိန် (၄.၇) သန်း ရှိခဲ့ပါသည်။

စိုက်ပျိုးထုတ်လုပ်မှု ကုန်ကျစရိတ်ပိုမိုမြင့်မားလာခြင်း၊ ရာသီဥတုပြောင်းလဲမှုကြောင့် ကမ္ဘာ့ဆန်စိုက်ပျိုးထုတ်လုပ်သည့် နိုင်ငံများစွာ၌ ထုတ်လုပ်မှုကို ထိခိုက်စေခဲ့ခြင်းတို့ကြောင့် လာမည့်လများတွင် ဗီယက်နမ်နိုင်ငံ၏ ဆန်တင်ပို့မှုဈေးနှုန်းများ မြင့်တက်လာမည်ဟု ခန့်မှန်းထားပါသည်။

ကမ္ဘာ့ငွေကြေးဖောင်းပွမှု ဖိအားများနှင့်အတူ စိုက်ပျိုးထုတ်လုပ်မှုကုန်ကျစရိတ် အထူးသဖြင့် ဓါတ်မြေသြဇာဈေးနှုန်းမှာ သိသိသာသာ မြင့်တက်လာခဲ့ကြောင်း၊ တရုတ်၊ အိန္ဒိယနှင့်ဥရောပနိုင်ငံအချို့တို့တွင် မိုးခေါင်ခြင်း၊ ရေလွှမ်းမိုးခြင်းဖြစ်စဉ်များကို ကြုံတွေ့ခဲ့ရခြင်းသည် ကမ္ဘာ့စားနပ်ရိက္ခာထောက်ပံ့ ရေးကွင်းဆက်အပေါ် သက်ရောက်မှုရှိနိုင်ကြောင်း Nguyen Ngoc Nam က ပြောကြားပါသည်။

၂၀၂၂ ခုနှစ်တွင် ဗီယက်နမ်နိုင်ငံမှ ဆန်အများဆုံးတင်ပို့သည့် ဈေးကွက်အဖြစ် ဖိလစ်ပိုင်နိုင်ငံက ဆက်လက် ရပ်တည်နေမည်ဖြစ်ကြောင်း၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံအနေဖြင့်လည်း ဗီယက်နမ်နိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့မှ ဆန်တန်ချိန်စုစုပေါင်း

(၃၃၀,၀၀၀) ကို ဝယ်ယူ၍ (၃) လအတွင်း တင်သွင်းသွားရန် သဘောတူညီချက်ရရှိထားကြောင်း သိရပါသည်။

(ကျော်စိန်ဝင်း၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ (STP))

**Source:** https://www.bangkokpost.com/business/2380226/vietnam-2022-rice-exports-seen-rising-to-6-3-6-5m- tonnes

https://myantrade.gov.mm/article/%E1%80%97%E1%80%AE%E1%80%9A%E1%80%80%E1

## အိန္ဒိယဆန်ကွဲ ပြည်ပတင်ပို့မှု ကန့်သတ်ဖွယ်ရှိ



https://www.foodindustrydirectory.com.mm

ကမ္ဘာ့အကြီးဆုံး ဆန်တင်ပို့သူ အိန္ဒိယနိုင်ငံသည် ပြည်တွင်းဆန်ထွက်ရှိမှု လျော့နည်းဖွယ်ဖြစ်နေသဖြင့် ဆန်တင်ပို့မှုကို ပြည်တွင်းဖူလုံရေးအတွက် ကန့်သတ်ဖွယ်ရှိသည်။ အစိုးရက ဆန်ကွဲတင်ပို့မှုကို ကန့်သတ်ရန် ဆွေးနွေးနေသည်။ အိန္ဒိယနိုင်ငံဆန်တင်ပို့မှုတွင် ၂၀% သည် ရာနှုန်းပြည့်ဆန်ကွဲ တင်ပို့ခြင်းဖြစ်သည်။ ပြည်တွင်းဆန်ကွဲဈေးနှုန်းများ မြင့်တက်လာနေသဖြင့် ပြည်ပတင်ပို့မှု ကန့်သတ်ရန် စဉ်းစားသုံးသပ်နေသည်။ အိန္ဒိယသည် ကမ္ဘာ့ဆန်တင်ပို့မှု စုစုပေါင်း၏ ၄၀% ကို တင်ပို့သည်။

ရုရှားက ယူကရိန်းကို ကျူးကျော်စစ်ကြောင့် ဂျုံနှင့်ပြောင်းဈေးတို့ မြင့်တက်သော်လည်း ကမ္ဘာ့ဆန်ဈေးမှာ လက်ကျန်အများအပြား ရှိနေဆဲဖြစ်သဖြင့် သိသိသာသာ ဈေးမြင့်တက်ခဲ့ခြင်းမရှိချေ။ ၂၀၀၈ တွင် အိန္ဒိယနှင့်ဗီယက်နမ်တို့ ဆန်တင်ပို့မှုပိတ်ပင်ထားလိုက်ရာ ဆန်တစ်တန် $1,000 အထက်သို့ရောက်သည်အထိ တက်ခဲ့ဖူးသည်။

ဆန်ကွဲသည် တိရစ္ဆာန် အစားအစာအဖြစ် အဓိကအားဖြင့် အသုံးပြုကြသည်။ အိန္ဒိယတွင် အီသနောထုတ်လုပ်ရန်အတွက်လည်း အသုံးပြုသည်။ ပြည်ပမှ အဝယ်လိုက်သဖြင့် အိန္ဒိယတွင် ဆန်ကွဲဈေး ယခုနှစ်မှာခုန်တက်သည်။ အများဆုံးဝယ်ယူသည့်နိုင်ငံမှာ တရုတ်နိုင်ငံဖြစ်ပြီး တိရစ္ဆာန်အစားအစာအတွက်ဝယ်ယူသည်။ အာဖရိကနိုင်ငံအချို့က ဆန်မှုန့်ထုတ်လုပ်ရန် ဝယ်ယူကြသည်။

အိန္ဒိယနိုင်ငံသည် ဂျုံနှင့် သကြားတင်ပို့မှုများကို ပိတ်ပင်ထားသည်။ ယခု ဆန်ကွဲတင်ပို့မှုကို ကန့်သတ်ရန် သို့မဟုတ် ပိတ်ပင်ရန် စဉ်းစားသုံးသပ်နေခြင်းဖြစ်သည်။ ယခုနှစ်တွင် စပါးစိုက်သည့် ဧရိယာစုစုပေါင်းသည် ယခင်နှစ်ထက် ၈% လျော့နည်းနေသည်။ မုတ်သုန်မိုး ပုံမှန်ထက် ၄၀% ဝန်းကျင် လျော့နည်းခဲ့သဖြင့် အချို့ဒေသများတွင် စပါးမစိုက်နိုင်ကြတော့ချေ။ သို့ဖြစ်ရာ ရိတ်သိမ်းရာသီတွင် စပါးအထွက်နည်းမည်ဟု ခန့်မှန်းထားကြပါသည်။

**Source:bloomberg**

https://www.foodindustrydirectory.com.mm/food-industry/food-livestock/item/4918-indian-broken-rice-exports-likely-to-be-limited.html

## German Coffee Association နှင့် တွေ့ဆုံဆွေးနွေး

ဟမ်းဘတ်မြို့အခြေစိုက် German Coffee Association မှ General Manager ဖြစ်သူ Mr. Holger Preibisch နှင့် ဂျာမနီရှိ မြန်မာသံရုံးမှ စီးပွားရေး သံမှူးတို့ ၂၉-၈-၂၀၂၂ ရက်နေ့တွင် Zoom meeting ဖြင့် တွေ့ဆုံဆွေးနွေးခဲ့ပါသည်။ ဆွေးနွေးပွဲမတိုင်မီ German Coffee Association ဘက်မှ တောင်းဆိုချက်အရ စီးပွားရေးသံမှူးက မြန်မာကော်ဖီ product profile နှင့် မြန်မာနိုင်ငံမှ အီးယူနိုင်ငံများနှင့် ဂျာမနီနိုင်ငံသို့တင်ပို့သည့် ပို့ကုန်အချက်အလက်များကို ပေးပို့ထားခဲ့ပါသည်။

ဆွေးနွေးပွဲတွင် စီးပွားရေးသံမှူးက မြန်မာနိုင်ငံအနေဖြင့် အာရေဗီကာနှင့် ရိုဘတ်စတာကော်ဖီများကို တစ်နှစ်ပျမ်းမျှ တန်ချိန် (၇၀၀၀) ခန့် ထုတ် လုပ်နိုင်ပြီး ပို့ကုန်အနေဖြင့်ပျမ်းမျှ တန်ချိန် (၈၀၀) မှ (၁၀၀၀) အကြား တင်ပို့နေခြင်းရှိကြောင်း၊ အာရှနိုင်ငံများ အမေရိကန်နိုင်ငံနှင့် အီးယူနိုင်ငံများ သို့ဖြစ်ကြောင်း၊ အီးယူနိုင်ငံများသို့ တင်ပို့မှုသည် တိုးတက်လာသော်လည်း ဂျာမနီနိုင်ငံသို့တင်ပို့မှုသည် ၂၀၁၈ ခုနှစ်မှစ၍ လျော့ကျလာခြင်းရှိကြောင်း၊ အီးယူနိုင်ငံများအနက် ဘယ်လ်ဂျီယမ်နိုင်ငံက အများဆုံးတင်သွင်းနေသည်ကိုတွေ့ရှိရကြောင်း၊ မြန်မာနိုင်ငံ၏ ရေမြေသဘာဝနှင့် ရာသီဥတုအခြေအနေများ၊ Cupping results များ မြင့်မားကောင်းမွန်မှုအရ အထူးတန်းဝင် အရည်အသွေးမြင့် Specialty Coffee များကို ၂၀၁၄-၂၀၁၅

ခုနှစ်လောက်မှစ၍ ထုတ်လုပ်နိုင်ပြီး Development Projects များ၏ ပံ့ပိုးကူညီမှုများကလည်း ဈေးကွက်ဝင်ရောက်နိုင်ရန် များစွာအထောက်အပံ့ပေးခဲ့ကြောင်း၊ မြန်မာကော်ဖီအသင်းကိုလည်း ဖွဲ့စည်းထားရှိပြီး အသင်းကဦးဆောင်၍ ယခုနှစ် ဇွန်လ အတွင်း အီတလီနိုင်ငံ၊ မီလန် Coffee Expo ပွဲတွင် မြန်မာကော်ဖီကုမ္ပဏီများ ဝင်ရောက်ပြသခဲ့ကြကြောင်း၊ Specialty Coffee ကို ဂျပန်၊ ကိုရီးယား၊ အမေရိကန်နိုင်ငံနှင့် အီးယူနိုင်ငံများသို့ တင်ပို့နေကြောင်း၊ ဂျာမနီနိုင်ငံတွင်လည်း Specialty Coffee သောက်သုံးမှုကို ပိုမိုနှစ်ခြိုက်လာကြသည်ကို သိရှိပါကြောင်း၊ ဂျာမနီနိုင်ငံသို့ တင်ပို့နိုင်မှုအတွက် ချိတ်ဆက်ဆောင်ရွက် နိုင်မည့်နည်းလမ်းများ၊ အကြံပြုချက်များရှိပါက ပံ့ပိုးပေးစေလိုကြောင်း ဆွေးနွေးပြောကြားပါသည်။

ဂျာမန်ကော်ဖီအသင်းမှ Mr. Holger Preibisch က ဂျာမနီနိုင်ငံသည် ကော်ဖီဈေးကွက်ကြီးမားပြီး အမေရိကန် နိုင်ငံပြီးလျှင် ကမ္ဘာ့ဒုတိယအကြီးဆုံး ကော်ဖီတင်သွင်းသူနှင့် ဥရောပတွင် အများဆုံးတင်သွင်းသူဖြစ်ကြောင်း၊ နှစ်စဉ်ပျမ်းမျှ တန်ချိန် (၁၀) သန်းခန့် တင်သွင်းနေကြောင်း၊ မြန်မာနိုင်ငံ၏ ကော်ဖီဈေးကွက်ဝေစုသည်နည်းပါးနေပြီး ၂၀၁၇ ခုနှစ် နောက်ပိုင်း အီးယူနိုင်ငံများသို့ တင်ပို့မှုတိုးတက်လာသော်လည်း ဂျာမနီနိုင်ငံသို့တင်ပို့မှု ကျဆင်းလာခြင်းအတွက် အဖြေရှာ စဉ်းစားရန်လိုအပ်ကြောင်း၊ မိမိတို့အသင်းအနေဖြင့် အဖွဲ့ဝင်များနှင့် ဂျာမန်ကော်ဖီလုပ်ငန်းကဏ္ဍအတွက် မူဝါဒ၊ ဥပဒေရေးရာ၊ နည်းပညာနှင့် ထုတ်ကုန်အရည်အသွေးပိုင်း၊ ဈေးကွက်သုတေသနပိုင်း၊ သင်တန်းနှင့်ဆွေးနွေးပွဲများ စသည်တို့တွင် ပံ့ပိုးပေး နေပြီး ကုန်သွယ်မှုပိုင်း၊ ဈေးကွက်ဝင်ရောက်မှုပိုင်းနှင့်ပတ်သက်၍ ဂျာမနီနိုင်ငံအခြေစိုက် Coffee trading houses များနှင့် ချိတ်ဆက်ဆောင်ရွက်ရန် အကြံပြုလိုကြောင်း၊ ဆက်သွယ်ရမည့် Contacts များပေးပို့ပေးမည်ဖြစ်ကြောင်း၊ အဆိုပါ trading houses များသည် Specialty Coffee ကို အလေးထားလုပ်ကိုင်နေကြသူများလည်းဖြစ်ပြီး အီးယူကော်ဖီလုပ်ငန်းအများစုနှင့် ချိတ်ဆက်ဆောင်ရွက်နေကြသူများလည်းဖြစ်ကြောင်း၊ အာရှဒေသတွင် ဗီယက်နမ်နိုင်ငံသည် အီးယူဒေသသို့ ကော်ဖီအများဆုံး တင်ပို့သူဖြစ်သော်လည်း အရည်အသွေးပိုင်းတွင် မြန်မာနိုင်ငံကဲ့သို့ အထူးတန်းဝင်မဟုတ်ဘဲ ကွာခြားမှုရှိသည်ဟု ယူဆ ကြောင်း ဆွေးနွေးပြောကြားပါသည်။

ဆက်လက်၍ ဂျာမနီနိုင်ငံ၏ ကော်ဖီဈေးကွက်အခြေအနေနှင့်ပတ်သက်၍ ဆွေးနွေးခဲ့ကြရာ Certification လိုအပ်ချက် သည် ဈေးကွက်အလိုက် အမျိုးမျိုးကွာခြားကြောင်း၊ ဂျာမနီနိုင်ငံကော်ဖီ ဈေးကွက်တွင် Fairtrade Certificate သည် ၅ ရာခိုင်နှုန်း၊ Rainforest Certificate သည် ၁၀ ရာခိုင် နှုန်းခန့်နှင့် အော်ဂဲနစ် Certificate သည် ၃ ရာခိုင်နှုန်းခန့်သာ နေရာယူထားကြောင်း၊ ယေဘုယျအားဖြင့် ဂျာမနီနိုင်ငံရှိ ကော်ဖီထုတ်ကုန်အများစု သည် Certificate ကို များစွာအသုံးပြုမှုမရှိကြကြောင်း၊ Specialty Coffee အတွက်မူ အများအားဖြင့် Certification လိုအပ်ချက်အတွက် သီးခြား သတ်မှတ်မှုမျိုးမရှိကြဘဲ အရည်အသွေးကောင်းမွန်မှုကိုသာ အဓိကထားကြကြောင်း၊ ဂျာမန်စားသုံးသူများက Specialty Coffee ကို ပိုမိုသောက် သုံးလာကြပြီး ထုတ်လုပ်သူ Small roasters ပေါင်း (၁၀၀၀) ခန့်ရှိပြီး Specialty Coffee သည် ကော်ဖီဈေးကွက်ဝေစု၏ ၇ ရာခိုင်နှုန်းရှိကြောင်း၊ ဂျာမနီနိုင်ငံတွင် ကော်ဖီသောက်သုံးမှုမှာ တစ်နှစ်ပျမ်းမျှ တန်ချိန် (၄၅၀၀၀၀) ခန့်ရှိရာ Specialty Coffee ၇ ရာခိုင်နှုန်းရှိခြင်းကြောင့် ဈေးကွက်အလားအလာများစွာရှိကြောင်း၊ ဘရီမင်၊ ဟမ်းဘတ်၊ ဘာလင်တို့တွင် roasting industry လုပ်ငန်းကြီးများ အဓိကလုပ်ကိုင်နေကြကြောင်း၊ ဂျာမန် ကော်ဖီလုပ်ငန်းများသည် နိုင်ငံအသီးသီးမှ ကော်ဖီအမျိုးအစားများကို ရောနှော၍ roasting နှင့် blending ပြုလုပ်ကြပြီး အရသာ တစ်မျိုးတည်း ဖြစ်စေရန် နှစ်စဉ်ပြုလုပ်ကြကြောင်း၊ roasted coffee ကို တင်သွင်းခြင်းမပြုလုပ်ကြကြောင်း၊ Packaging အများစုတွင် country of origin ကို ဖော်ပြခြင်းမပြုကြဘဲ Specialty Coffee များတွင်သာ မြင်တွေ့နိုင်ကြောင်း ဆွေးနွေးသိရှိရပါသည်။

မြန်မာနိုင်ငံရွှေတောင်သူကော်ဖီအဖွဲ့မှ ထုတ်လုပ်သော Catuai အမျိုးအစား Dry Natural နှင့် fully washed ကော်ဖီနမူနာများကို စီးပွားရေးသံမှူးက မိတ်ဆက်ပြသခဲ့ရာ Mr. Holger Preibisch က Coffee houses များသို့ အဆိုပါနမူနာအထုပ်များပေးပို့၍ ဆက်သွယ်ဆောင်ရွက်ရန် အကြံပြုလို ကြောင်း၊ မြန်မာနိုင်ငံမှကော်ဖီသည် Specialty Coffee တန်းဝင်အမျိုးအစားအနေဖြင့် အရည်အသွေးပြည့်ဝစွာထုတ်လုပ်နိုင်ပြီး ပြည့်စုံကောင်းမွန်မှုရှိသည်ကို သိရှိထားပါကြောင်း၊ ပိုမိုတိုးတက်ထုတ်လုပ် တင်ပို့စေလိုကြောင်း၊ မြန်မာကော်ဖီနှင့် ကော်ဖီစိုက်တောင်သူများအတွက် ဆုမွန်ကောင်း တောင်းပေး ပါကြောင်းစသည်ဖြင့် ဆွေးနွေးပြောကြားပါသည်။

ဆွေးနွေးပွဲပြီးနောက် German Coffee Association က ဆက်သွယ်ဆောင်ရွက်ရမည့် Coffee trading houses များ စာရင်းကိုပေးပို့လာခဲ့ပြီး ဆက်လက်ဆက်သွယ်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**မြန်မာစီးပွားရေးသံမှူး၊ ဘာလင်မြို့**

**Source:**https://myantrade.gov.mm/article/German%20Coffee%20Association%20%E1%80%94%E1%80%BE%E1

## STOCK EXCHANGE (31.8.2022)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 31st Aug. 2022

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 7,300 | +0 | +0.00% | 7,300 | 7,300 | 7,300 | 0 | 0 | 33,109,694 | 241,701 |
| MTSH | 00002 | 2,450 | -50 | -2.00% | 2,450 | 2,450 | 2,450 | 8,469 | 20,749,050 | 38,929,150 | 95,376 |
| MCB | 00003 | 6,800 | +0 | +0.00% | 6,800 | 6,800 | 6,800 | 0 | 0 | 10,400,986 | 70,727 |
| FPB | 00004 | 18,000 | +0 | +0.00% | 18,000 | 18,000 | 18,000 | 0 | 0 | 2,472,053 | 44,497 |
| TMH | 00005 | 2,300 | +0 | +0.00% | 2,300 | 2,300 | 2,300 | 0 | 0 | 12,823,224 | 29,493 |
| EFR | 00006 | 2,450 | +50 | +2.08% | 2,450 | 2,450 | 2,450 | 3 | 7,350 | 19,977,223 | 48,944 |
| AMATA | 00007 | 4,900 | -100 | -2.00% | 4,900 | 4,900 | 4,900 | 50 | 245,000 | 10,497,598 | 51,438 |


### Market summary

As of 31st Aug. 2022

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 334.66 | -1.15 | -0.34% | 334.69 | 335.26 | 334.66 | 8,522 | 21,001,400 | 7 | 582,176 |

**Index chart**




## Market Overview

### Main Board

As of 1:00 pm, 31st Aug. 2022

| MYANPIX | 334.66 ▼ 1.15 |
|---|---|
| Total Volume (shares) | 8,522 |
| Total Value (MMK) | 21 mil |
| Listed Company | 7 |
| Market Cap. (MMK) | 582,176 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 7,300 | ▲ 0 |
| MTSH | 00002 | 2,450 | ▼ 50 |
| MCB | 00003 | 6,800 | ▲ 0 |
| FPB | 00004 | 18,000 | ▲ 0 |
| TMH | 00005 | 2,300 | ▲ 0 |
| EFR | 00006 | 2,450 | ▲ 50 |
| AMATA | 00007 | 4,900 | ▼ 100 |